ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၈၀၇ / ၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်

(၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၂၇ ရက်)

ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၇၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေ များကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

၁။ ဤနည်းဥပဒေများကို အခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည် -

(က) **အခွန်တံဆိပ်ခေါင်း** ဆိုသည်မှာ ဤနည်းဥပဒေများအရ ရောင်းချခွင့်ပြုသည့် အောက်ပါအခွန် တံဆိပ်ခေါင်းများကို ဆိုသည် -

(၁) အခွန်နိုပ် တံဆိပ်ခေါင်းများ၊

(၂) တန်ဖိုး ပြား ၅၀ နှင့် ငါးကျပ်တန် အခွန်ကပ်တံဆိပ်ခေါင်းများ၊

(၃) မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၁၁ တွင် ဖော်ပြထားသည့် စာချုပ်စာတမ်း များတွင် ကပ်ရမည့် ကပ်တံဆိပ်ခေါင်းများနှင့် အခြားကပ်တံဆိပ်ခေါင်းများ

(၄) အထူးကပ် လေဘယ်လ် တံဆိပ်ခေါင်းများနှင့် ဟွန်ဒီတံဆိပ်ခေါင်းများ။

(ခ) **ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူ** ဆိုသည်မှာ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ၄င်းမှ ခန့်အပ်တာဝန်ပေးသည့် အခွန်အရာရှိ နှင့် ဒုတိယဦးစီးမှူး သို့မဟုတ် ဗဟိုတံဆိပ်ခေါင်း အရောင်းဌာနစိတ်မှ တာဝန်ခံအခွန်အရာရှိ သို့မဟုတ် ဒုတိယဦးစီးမှူးတို့ကို ဆိုသည်။

(ဂ) **လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ** ဆိုသည်မှာ ဤနည်းဥပဒေများအရ တံဆိပ်ခေါင်းရောင်းချရန် မြို့နယ်အခွန်ဦးစီးဌာနမှူးမှ လိုင်စင်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဃ) **လိုင်စင်** ဆိုသည်မှာ ဤနည်းဥပဒေများအရ တံဆိပ်ခေါင်းရောင်းချရန် ခွင့်ပြုထုတ်ပေးထား သည့် လက်မှတ်ကိုဆိုသည်။

(င) **လျှော့နှုန်း** ဆိုသည်မှာ အခွန်တံဆိပ်ခေါင်းများရောင်းချသည့်အတွက် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူ ခံစားခွင့်ရှိသည့် လျှော့နှုန်းကိုဆိုသည်။

(စ) **တံဆိပ်ခေါင်းရောင်းချရန်နေရာဒေသ** ဆိုသည်မှာ လိုင်စင်တွင် ဖော်ပြသတ်မှတ်ပေးထားသည့် တံဆိပ်ခေါင်းရောင်းချခွင့်ပြုသည့် နေရာဒေသကို ဆိုသည်။

(ဆ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ဇ) **ဗဟိုတံဆိပ်ခေါင်းအရောင်းဌာနစိတ်** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန သက်ဆိုင်ရာ ဌာနခွဲမှ ဖွင့်လှစ်သည့် တံဆိပ်ခေါင်းအရောင်းဌာနစိတ်ကိုဆိုသည်။

## အခန်း (၂)

## လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့်ရုပ်သိမ်းခြင်း

၃။ **လိုင်စင်ရ** တံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားမည့်သူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(ဂ) ပဋိညာဉ်အက်ဥပဒေအရ ပဋိညာဉ်ပြုလုပ်ရန်အရည်အချင်းရှိသူ ဖြစ်ရမည်၊

(ဃ) အနည်းဆုံးအခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူ ဖြစ်ရမည်၊

(င) အသက် (၁၈) နှစ်ပြည့်ပြီး၊ (၆၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(စ) ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၄။ လိုင်စင်ရရှိလိုသူ၏ အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ် နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်း ရောင်းချခြင်းပြုမည့်နေရာ သို့မဟုတ် ဆိုင်၏လိပ်စာတို့ကိုဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ စာဖြင့်လျှောက်ထားရမည်။

၅။ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်လျှောက်ထားသူများအနက်မှ သင့်လျော် သည်ဟု ယူဆသူများအား မြို့နယ်အဆင့်အလိုက် သတ်မှတ်ထားသည့်ဦးရေထက် မကျော်လွန်စေဘဲ လိုင်စင် ထုတ်ပေးနိုင်သည်။

၆။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၄ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ပါက အခကြေးငွေရယူခြင်းမပြုဘဲ ဤနည်းဥပဒေများ အရ သတ်မှတ်ထားသည့် ပုံစံ- က ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၇။ လိုင်စင်တွင် တံဆိပ်ခေါင်းရောင်းချခွင့်ပြုသည့်နေရာဒေသ၊ လိုင်စင်သက်တမ်းနှင့် လိုင်စင်စည်းကမ်း ချက်များကို ဖော်ပြပါရှိစေရမည်။

၈။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင်ပြန်လည်အပ်နှံလိုသည့်အခါဖြစ်စေ၊ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် အခွန်တံဆိပ်ခေါင်းများ ဆက်လက်ရောင်းချလိုသည့်အခါဖြစ်စေ လိုင်စင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၆၀) ကြိုတင်၍ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၉။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် နည်းဥပဒေ ၃ ပါသတ်မှတ်ချက်များနှင့်အညီ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၁၀။ လိုင်စင်သက်တမ်းကာလမှာ (၂) နှစ် ဖြစ်သည်။

၁၁။ လိုင်စင်ရရှိသူ သေဆုံးသည့်အခါဖြစ်စေ၊ နည်းဥပဒေ ၁၂ အရ လိုင်စင်ရုပ်သိမ်းခံရသည့် အခါဖြစ်စေ၊ လိုင်စင်ပြန်လည်ပေးအပ်ခြင်းကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးက လက်ခံခွင့်ပြုသည့်အခါဖြစ်စေ လိုင်စင်ပျက်ပြယ်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။

၁၂။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်တံဆိပ်ခေါင်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုဖြစ်စေ၊

လိုင်စင်စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုင်စင်ရရှိသူ က လိုက်နာရန်ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက ထုတ်ပေးထားသည့် လိုင်စင်ကို ရုပ်သိမ်းခြင်းပြုရမည်။

၁၃။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် တံဆိပ်ခေါင်းရောင်းချခွင့် ထုတ်ပေးသည့် လိုင်စင်များအား သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားရှိရမည့်အပြင် ၎င်းလိုင်စင်မိတ္တူများကို ပြည်တွင်း အခွန်များဦးစီးဌာန သက်ဆိုင်ရာဌာနခွဲ/ ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူး ရုံးများသို့လည်း ပေးပို့ရမည်။

## အခန်း(၃)

## လိုင်စင်ရရှိသူ၏တာဝန်များနှင့် အကျိုးခံစားခွင့်များ

၁၄။ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများသည် ၎င်းအားထုတ်ပေးထားသော လိုင်စင်ပါ တံဆိပ်ခေါင်း ရောင်းချနိုင်သည့်နေရာဒေသများမှအပ အခြားနေရာဒေသများတွင် ရောင်းချခြင်းမပြုရ။

၁၅။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူသည် ဤနည်းဥပဒေအရ ရောင်းချခွင့်ရှိသည့် တံဆိပ်ခေါင်း အမျိုးအစားနှင့် တန်ဖိုးများကိုသာရောင်းချရမည်။ ထိုသို့ရောင်းချရာတွင် တံဆိပ်ခေါင်းပါ သတ်မှတ်တန်ဖိုးဖြင့် ဝယ်ယူသူသို့ ချက်ချင်းရောင်းချပေးရမည်ဖြစ်ပြီး ယင်းသတ်မှတ်တန်ဖိုးထက်ပို၍ တောင်းခံခြင်း၊ လက်ခံခြင်း မပြုရ။

၁၆။ လိုင်စင်ရရှိသူသည် ၎င်း၏အမည်နှင့် ယှဉ်တွဲလျက် "လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ" ဟူ၍ ရေးသားထားသော ဆိုင်းဘုတ်နှင့် လိုင်စင်တို့ကို တံဆိပ်ခေါင်းရောင်းချသောနေရာ၌ မြင်သာသောနေရာတွင် ချိတ်ဆွဲထားရမည်။

၁၇။ လိုင်စင်ရရှိသူသည် ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူထံမှ ဝယ်ယူရရှိသည့် တံဆိပ်ခေါင်း အရေအတွက်နှင့်တန်ဖိုး၊ ပြန်လည်ရောင်းချသည့် တံဆိပ်ခေါင်းအရေအတွက်နှင့်တန်ဖိုး၊ လက်ကျန်တံဆိပ် ခေါင်းအရေအတွက်နှင့်တန်ဖိုးတို့ကို နေ့အလိုက်စာရင်းပြုစုထားရှိရမည်။

၁၈။ လိုင်စင်ရရှိသူသည် နည်းဥပဒေ၂၉ အရ ပြုစုထားရှိသည့် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ မှတ်ပုံတင် စာအုပ်၊ နည်းဥပဒေ ၁၇ အရ ပြုစုထားသည့် စာရင်းနှင့် မိမိလက်ဝယ်ရှိ တံဆိပ်ခေါင်းများကို မြို့နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် ၄င်းထက်အဆင့်မြင့်သော အခွန်အရာရှိတစ်ဦးဦးက စစ်ဆေးကြည့်ရှုရန် တောင်းဆိုလျှင် ချက်ခြင်းတင်ပြရမည်။

၁၉။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူထံမှသာ တံဆိပ်ခေါင်း ဝယ်ယူဖြည့်တင်းခွင့်ရှိသည်။ ယင်းသို့ ဝယ်ယူသည့်အခါ တံဆိပ်ခေါင်းတန်ဖိုးအပြည့်ငွေ ပေးသွင်းရမည်။

၂၀။ ဤနည်းဥပဒေများအရ အတိအလင်းသတ်မှတ်ထားခြင်းမှအပ လိုင်စင်ရရှိသူကမှတ်ပုံတင် စာအုပ် တစ်ခုခု ထားရှိရန်ဖြစ်စေ၊ တံဆိပ်ရိုက်နှိပ်ရန်ဖြစ်စေ၊ ငွေစာရင်းပြုစုတင်ပြရန်ဖြစ်စေ တာဝန်မရှိစေရ။

၂၁။ လိုင်စင်ရရှိသူသည် ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူထံမှ ဝယ်ယူသည့်တံဆိပ်ခေါင်းတန်ဖိုး၏ ၄ ရာခိုင်နှုန်းကိုလျှော့နှုန်းအဖြစ် ခံစားခွင့်ရှိသည်။ အဆိုပါ လျှော့နှုန်းကို ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာ သတ်မှတ်သောနည်းလမ်းများနှင့်အတူ ရယူခံစားရမည်။

၂၂။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် လိုင်စင်ထုတ်ပေးသည့်ရုံးမှ အခမဲ့ကူးပေးထားသည့် အခွန်တံဆိပ်ခေါင်းရောင်းချခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ထားသောဥပဒေ၊နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ များနှင့် ညွှန်ကြားလွှာမိတ္တူများကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကြည့်ရှုရန် တောင်းဆိုလာသည့် မည်သူ့ကိုမဆို ကြည့်ရှုခွင့်ပြုရမည်။ ထိုစာမိတ္တူများကို ထပ်မံကူးယူလိုပါက လိုင်စင်ရသူ၏ စရိတ်ဖြင့်သာကူးယူရမည်။

၂၃။ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူသည် နည်းဥပဒေ ၃၄ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်သည့်အခါ ၄င်းအားထုတ်ပေးထားသည့် တံဆိပ်ခေါင်းရောင်းချခွင့်လိုင်စင်ကို မြို့နယ်အခွန်ဦးစီးဌာန မှူး သို့မဟုတ် ၄င်းထက်အဆင့်မြင့်သော အခွန်အရာရှိတစ်ဦးဦးမှ အချိန်မရွေး ရုပ်သိမ်းနိုင်သည်။

၂၄။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ၏ လိုင်စင်ကို ရုပ်သိမ်းခြင်းခံရသည့်အခါဖြစ်စေ သို့မဟုတ် လိုင်စင် ကို ၄င်းက ပြန်လည်အပ်နှံသည်အခါဖြစ်စေ ၄င်း၏လက်ဝယ်ရှိ တံဆိပ်ခေါင်းများကို မြို့နယ်အခွန်ဦးစီးဌာနမှူး ထံ ပြန်လည်အပ်နှံရမည်။ လိုင်စင်ရရှိသူသေဆုံးသဖြင့် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် ၄င်း၏အမွေဆက်ခံသူ က ပြန်လည်အပ်နှံရမည်။

၂၅။ လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင်ကို ပြန်လည်အပ်နှံသည့်အခါ၌ဖြစ်စေ၊ လိုင်စင်ရသူ၏အမှား အယွင်းတစ်စုံတစ်ရာကြောင့် လိုင်စင်ကို ရုပ်သိမ်းခြင်းခံရသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းများကို ပြန်လည်အပ်နှံ ရာတွင် ထိုသို့အပ်နှံသည့် တံဆိပ်ခေါင်းများ၏တန်ဖိုးမှ တစ်ဆယ်ရာခိုင်နှုန်း နုတ်ပယ်ထားသည့် တံဆိပ်ခေါင်း တန်ဖိုးကိုသာ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

၂၆။ လိုင်စင်ရသူ သေဆုံးခြင်းနှင့် လိုင်စင်သက်တမ်းကုန်ဆုံးခြင်းတို့ကြောင့် ပြန်လည်အပ်နှံသည့်အခါ ပြန်လည်ပေးအပ်သည့် တံဆိပ်ခေါင်းများအတွက် တံဆိပ်ခေါင်းတန်ဖိုးအပြည့်ကို ထုတ်ယူခွင့်ရှိသည်။

## အခန်း (၄)

## အခွန်တံဆိပ်ခေါင်းရောင်းချခြင်း

၂၇။ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူများနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် ဤ နည်းဥပဒေ ၂(က)(၁)ပါအခွန်နှိပ်တံဆိပ်ခေါင်းအသီးသီးအား ရောင်းချရာတွင် ထိုတံဆိပ်ခေါင်းများ၏ နောက်ကျောတွင် အောက်ပါအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ရေးသား၍ရောင်းချရမည်-

(က) ပြက္ခဒိန်နှစ်အလိုက် သီးခြားအမှတ်စဉ်၊

(ခ) ရောင်းချသည့် ရက်စွဲ၊

(ဂ) ဝယ်ယူသူအမည်၊ အဖအမည်နှင့် နေရပ်လိပ်စာ၊

(ဃ) စာသားဖြင့် တံဆိပ်ခေါင်းတန်ဖိုး၊

(င) ရောင်းချသူ၏ ရေးထိုးမြဲလက်မှတ်။

၂၈။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူများနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် ဤနည်းဥပဒေ ၂ (က) (၃)ပါ ကပ်တံဆိပ်ခေါင်း၏ ရှေ့မျက်နှာစာပေါ်တွင် အောက်ပါ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာရေးသား၍ ရောင်းချရမည် -

(က) ဝယ်ယူသူအမည်၊

(ခ) ရောင်းချသည့် ရက်စွဲ၊

(ဂ) ရောင်းချသူ၏ ရေးထိုးမြဲလက်မှတ်။

၂၉။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် မိမိ ရောင်းချသော တံဆိပ်ခေါင်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထုတ်ပေးထားသည့် မှတ်ပုံတင်စာအုပ် တွင် မှန်ကန်ပြည့်စုံစွာ ချက်ချင်းရေးသွင်းထားရမည့်အပြင် အဆိုပါ မှတ်ပုံတင်စာအုပ်၏ နောက်ဆုံးစာတိုင်တွင် ဝယ်ယူသည့် ကိစ္စအကြောင်းရင်းအား မှတ်တမ်းတင်ထားရှိရမည်။

၃၀။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူသည် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအား ဤနည်းဥပဒေ ၂ (က) (၁) နှင့် (၃) တံဆိပ်ခေါင်းအမျိုးအစားများ ရောင်းချရာတွင် နည်းဥပဒေ ၂၇၊ ၂၈၊ ၂၉ ပါ အချက် အလက်များအား ရေးသားခြင်းမပြုဘဲ ရောင်းချရမည်။

၃၁။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူထံသို့ဖြစ်စေ၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူထံသို့ဖြစ်စေ၊ အခွန်နှိပ်တံဆိပ်ခေါင်း သို့မဟုတ် ကပ်တံဆိပ်ခေါင်း ဝယ်ယူသည့်အခါ ထိုရောင်းချသူသည် လိုအပ်သည့် တန်ဖိုးရိုက်နှိပ်ထားသည့် တံဆိပ်ခေါင်းတစ်ရွက်တည်း သို့မဟုတ် တစ်လုံးတည်းသာလျှင် ဝယ်ယူသူသို့ ရောင်းချပေးရမည်။ ထိုတန်ဖိုးရှိ တံဆိပ်ခေါင်းတစ်ရွက်တည်း သို့မဟုတ် တစ်လုံးတည်းမရှိလျှင် လိုအပ်သည့်တန်ဖိုးပြည့်မီအောင် အရွက်ရေ သို့မဟုတ် လုံးရေ အနည်းဆုံးဖြင့် တံဆိပ်ခေါင်းများကို ဝယ်ယူသူသို့ ရောင်းချပေးရမည်။

၃၂။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူတို့သည် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားလွှာများဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ဆက်လက်အသုံးမပြုရန် ထုတ်ပြန်ထားသည့် တံဆိပ်ခေါင်းများကို ရောင်းချခြင်းမပြုရ။

၃၃။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ထုတ်ပေးခြင်းခံရသူအတွက် တံဆိပ်ခေါင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ် ပြန်၍ သတ်မှတ်နိုင်သည်-

(က) မြို့နယ်အဆင့်သတ်မှတ်ချက်အလိုက် ခန့်ထားနိုင်သည့် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူ အရေအတွက်၊

(ခ) ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူထံမှလိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများ ဝယ်ယူ ခွင့်ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားနှင့် တံဆိပ်ခေါင်းတန်ဖိုး၊

(ဂ) အများဆုံးဝယ်ယူခွင့်ရှိသည့် တံဆိပ်ခေါင်းအရေအတွက်နှင့် စုစုပေါင်းတန်ဖိုး၊

(ဃ) သုံးလပတ်ကာလအလိုက် တံဆိပ်ခေါင်းများအား ကြားဖြတ်ဝယ်ယူနိုင်သည့် အကြိမ်အရေအတွက်။

၃၄။ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူများနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် အခွန်တံဆိပ်ခေါင်းနှင့် သက်ဆိုင်သည့် ဥပဒေ၊နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာရမည်။

၃၅။ တံဆိပ်ခေါင်းများကို ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချ သူတို့မှအပ အခြားမည်သူမျှ ရောင်းချခြင်းမပြုရ။

## အခန်း (၅)

## အထွေထွေ

၃၆။ ပြည်တွင်းအခွန်များဦးစီးဌာန သက်ဆိုင်ရာဌာနခွဲသည် လိုအပ်ပါက ဗဟိုတံဆိပ်ခေါင်းအရောင်းဌာန စိတ်များ ဖွင့်လှစ်ရောင်းချနိုင်သည်။

၃၇။ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်ရရှိသူက လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင် ကို ပြန်လည်ပေးအပ်လိုကြောင်း လုံလောက်သော အကြောင်းပြချက်ဖြင့် တင်ပြလာလျှင် လက်ခံခွင့်ပြုနိုင်သည်။

၃၈။ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူ လက်ဝယ်ရှိ လက်ကျန်အခွန်တံဆိပ်ခေါင်းများကို ပြန်လည်ပေးအပ်ရန် တောင်းခံခွင့်ရှိသည်။

၃၉။ (က) နည်းဥပဒေ ၁၂ အရ လိုင်စင်ရုပ်သိမ်းခံရသူသည် မြို့နယ်အခွန်ဦးစီးဌာနမှူး၏ လိုင်စင်ရုပ်သိမ်း သည့် ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ယင်းအမိန့်ကို ရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးထံ အယူခံ ဝင်နိုင်သည်။

(ခ) ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးမှချမှတ်သည့် ဆုံးဖြတ်ချက် အား မကျေနပ်လျှင် ယင်းအမိန့်ကို ရရှိသည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း ညွှန်ကြားရေးမှူးချုပ် ထံသို့ အယူခံလျှောက်ထားနိုင်ပြီး ၎င်း၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၄၀။ မြန်မာနိုင်ငံအစိုးရ၊ ဘဏ္ဍာရေးဌာန၏ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၇၄ အရ ထုတ်ပြန် ခဲ့သည့် ၁၉၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉) "Rules

for regulating the Sale of  Stamps and Stamped  Papers  " ကို  ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။